**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့၌ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊ ရန်ကုန်တွင် ကျင်းပခဲ့သည့် ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း**

## ၁။ ရည်ရွယ်ချက်

ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား အောက်ပါအစီအစဉ်များအား အဓိကထား ဆွေးနွေးရန် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်သည် -

- (၄) ကြိမ်မြောက် MEITI အစီရင်ခံစာနှင့်ပတ်သက်၍ သတင်းမီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲ ကျင်းပရန်အတွက် ဆွေးနွေးရန်
- (၄) ကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနားကျင်းပရန် အတွက် ဆွေးနွေးရန်
- ဒုတိယအကြိမ်မြောက် တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ဆွေးနွေးရန်
- SNU များ ဆက်လက်ဖွဲ့စည်းနိုင်ရန်အတွက် ဆွေးနွေးရန်

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၄) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၃) ဦး၊ MOBD မှ (၃) ဦး၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းမှ (၁) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ (၈) ဦး၊ ကျား - ၁၀ ဦး၊ မ - ၁၀ ဦး၊ စုစုပေါင်းတက်ရောက်သူ - ဦး ရှိခဲ့သည်။ အစည်းအဝေးတက်ရောက်သူ စာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

၃။ (၄) ကြိမ်မြောက် MEITI အစီရင်ခံစာနှင့်ပတ်သက်၍ သတင်းမီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲ၊ (၄) ကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနား ကျင်းပရန်အတွက် ဆွေးနွေးခြင်း

- အကြီးတန်းပြန်ကြားရေးတာဝန်ခံကတင်ပြရာ၌ (၄) ကြိမ်မြောက် MEITI အစီရင်ခံစာအား ၃၁-၃-၂၀၁၉ ခုနှစ်တွင် ပြုစုထုတ်ပြန်နိုင်ခဲ့ကြောင်း၊
- အစီရင်ခံစာထုတ်ပြန်ပြီးနောက် အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနားအား ပြုလုပ် ရကြောင်း၊

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

- (၂၂) ကြိမ်မြောက် MSG အစည်းအဝေး၌ စတုတ္ထအကြိမ်မြောက် MEITI အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနားအား ပြည်နယ်များတွင် ဦးစားပေးပြုလုပ်ရန် သဘောတူခဲ့ပြီး ရှမ်းပြည်နယ်တွင် ဦးစားပေးကျင်းပရန်၊ အခြားပြည်နယ်များနှင့်အသေးစိတ်အချက်အလက်များအား ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း၊
- အစီရင်ခံစာထုတ်ပြန်နိုင်ရန်အတွက် အစီရင်ခံစာများအား ပုံနှိပ်ခြင်း (Printing) ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အချိန်အားဖြင့် Procurement အပါအဝင် ၄ ပတ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ ဩဂုတ်လကုန်နှင့်စက်တင်ဘာလဆန်းတွင် Procurement ဆောင်ရွက်ခြင်း၊ စက်တင်ဘာလလယ်တွင် ဆောင်ရွက်ခြင်း၊ ပုံနှိပ်ခြင်းအား စက်တင်ဘာလကုန်တွင် ပြုလုပ်နိုင်မည်ဆိုပါက အောက်တိုဘာလတွင် ထုတ်ပြန်ခြင်းအခမ်းအနားအား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၉ စံနှုန်းကိုလည်း ဘာသာပြန်ခြင်းအား စက်တင်ဘာလလယ်၌ ပြုလုပ်ပြီး ပုံနှိပ်ခြင်းအား စက်တင်ဘာလကုန်တွင် ပြုလုပ်ပါက ထုတ်ပြန်ခြင်းအခမ်းအနား၌ အဆင်သင့်ဖြစ်မည်ဖြစ်ကြောင်း၊
- အစီရင်ခံစာထုတ်ပြန်မှုမပြုမီ သတင်းမီဒီယာများနှင့်တွေ့ဆုံရှင်းလင်းခြင်း (Media Briefing) အား ရန်ကုန်၌ ကျင်းပရန်စီစဉ်ထားကြောင်း၊ အချိန်အားဖြင့် (၂) နာရီဝန်းကျင်ခန့်ကြာပြီး လူဦးရေ ၂၀ ဝန်းကျင်ခန့်သာတက်ရောက်လေ့ရှိကြောင်း၊ အကယ်၍ Press Conference ကျင်းပမည်ဆိုပါက များသောအားဖြင့်ရန်ကုန်တွင်သာ ကျင်းပလေ့ရှိပြီး လူဦးရေ ၅၀ ခန့် တက်ရောက်လေ့ရှိကြောင်း၊
- ထို့နောက်မှ ထုတ်ပြန်ကြေညာခြင်း အခမ်းအနားအား ပြုလုပ်မည်ဖြစ်ကြောင်း၊ နည်းလမ်း (၁) အနေဖြင့် ပြည်နယ်တွင် ပြုလုပ်မည်ဆိုပါ ရှမ်းပြည်နယ်အား MSG က ဆုံးဖြတ်ထားသဖြင့် ထုတ်ပြန်ကြေညာခြင်းအား ရှမ်းပြည်နယ်တွင်လည်းကောင်း၊ သို့မဟုတ် SNU မဖွဲ့စည်းရသေးသည့် တိုင်း/ပြည်နယ်တွင် ဖွဲ့စည်းခြင်းနှင့်ပူးတွဲ၍ ဆောင်ရွက်မည်ကို စဉ်းစား၍ ရကြောင်း၊ ဥပမာ ကယားပြည်နယ်အား ကျင်းပမည်ဆိုပါကလည်း SNU ဖွဲ့စည်းခြင်းနှင့်ပူးတွဲ၍ ဆောင်ရွက်နိုင်ကြောင်း၊
- အခမ်းအနားအစီအစဉ်နှင့်စပ်လျဉ်း၍ Media Briefing ၌ တက်ရောက်သူများမှ မိတ်ဆက်ခြင်း၊ EITI အကြောင်း မိတ်ဆက်ခြင်း၊ အစီရင်ခံစာအချက်အလက်များ၊ တွေ့ရှိချက်များ၊ အကြံပြုချက်များအား တင်ပြခြင်း ၊ အမေးအဖြေကဏ္ဍတို့သာ ပါဝင်မည်ဖြစ်ကြောင်း၊
- ထုတ်ပြန်ကြေညာခြင်းအခမ်းအနား (Report Launch) ပြုလုပ်ရန်အစီအစဉ်တွင် အဖွင့်အမှာစကားအား MSG Chair မှ ပြောကြားခြင်း၊ အမှာစကားအား National Coordinator မှ ပြောကြားခြင်း၊ တိုင်း/ပြည်နယ်တွင် ပြုလုပ်မည်ဆိုပါက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခြင်း၊ ထို့နောက် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းမှ တစ်ဦးက အမှာစကားပြောကြားခြင်း စသည်တို့အား ၁၀ မိနစ်စီလည်းကောင်း၊ ထို့နောက် Photo Session အနေဖြင့် ထည့်သွင်းထားကြောင်း၊ ဆက်လက်၍ ကဏ္ဍအလိုက်အစီရင်ခံစာပါအချက်အလက်များအား ရှင်းလင်းခြင်းအား ၁၀ မိနစ်စီနှင့်လည်းကောင်း၊ စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်အား ၁ နာရီ

ခန့်လည်းကောင်း၊ နောက်ဆုံးအနေဖြင့် နိဂုံးချုပ်စကားပြောကြားခြင်းအစီအစဉ်ဖြစ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

ထို့နောက် စတုတ္ထအကြိမ်အစီရင်ခံစာများ ပုံနှိပ်ခြင်းနှင့်ပတ်သက်၍ နောက်ဆက်တွဲ (Annex) မပါဘဲ အင်္ဂလိပ်ဘာသာ ဖြင့် အုပ်ရေ ၃၀၀၊ အနှစ်ချုပ်အစီရင်ခံစာ မြန်မာဘာသာဖြင့် အုပ်ရေ ၁၀၀၀၊ နောက်ဆက်တွဲ (annex) မပါဘဲ အစီရင်ခံစာ (Full Version) အား မြန်မာဘာသာဖြင့် အုပ်ရေ ၅၀၀ ထုတ်ဝေရန်၊ စတုတ္ထအကြိမ် အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား အား အနှစ်ချုပ်အစီရင်ခံစာ (မြန်မာဘာသာ) ဖြင့် ဦးစွာ ကျင်းပ၍ Press Conference အား အစီရင်ခံစာ Full Version မြန်မာဘာသာဖြင့် ရရှိသည့်အခါမှသာ ကျင်းပရန်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းနှင့်စပ်လျဉ်း၍ စတုတ္ထအကြိမ် အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်း အနားအား ကယားပြည်နယ်တွင် SNU ဖွဲ့စည်း ခြင်းနှင့် တွဲဖက်၍ ကျင်းပရန်၊ Press Conference အား ရန်ကုန်တွင် ကျင်းပရန်၊ IRD ဌာနအား အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား နှင့် Press Conference တို့၌ Panelist အနေဖြင့် ထည့်သွင်း ဖိတ်ကြားရန်၊ သစ်တောကဏ္ဍ၏ အစိုးရကိုယ်စားလှယ် (သို့) လုပ်ငန်းရှင် ကိုယ်စားလှယ်တစ်ဦးအား အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနား၌ သစ်တော အစီရင်ခံစာနှင့်ပတ်သက်၍ Presentation ရှင်းလင်း တင်ပြရန်နှင့် Panel တွင်လည်း ပါဝင်ဆွေးနွေးရန်၊ အစီရင်ခံစာထုတ်ပြန်ခြင်းဆိုင်ရာအခမ်းအနား များတွင် တင်ပြမည့် Power Point များအား သက်ဆိုင်ရာ ကိုယ်စားလှယ်များထံမှ ကြိုတင် စုစည်း၍ တင်ပြမည့်အကြောင်းအရာများ မထပ်စေရေး အတွက် NCS မှ စိစစ်ရန်၊ အခမ်းအနား အစီအစဉ်/အချိန်နှင့်တပြေးညီ ကျင်းပနိုင်ရေးအတွက် Presentation တင်ပြမည့် ကိုယ်စားလှယ်များအား ကြိုတင်ဆွေးနွေးညှိနှိုင်းရန် စသဖြင့် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၉ EITI စံနှုန်းအား ပုံနှိပ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ၌ အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေ (၂၀၀) ၊ မြန်မာဘာသာဖြင့် အုပ်ရေ (၂၀၀၀) ထုတ်ဝေရန်အပြင် စံနှုန်း ၂၀၁၃၊ ၂၀၁၆ ၊ ၂၀၁၉ နှိုင်းယှဉ် ချက်ဇယား အား NCS မှ ပြုစု၍ ထည့်သွင်းဖြန့်ဝေရန် စသဖြင့် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**၄။ ဒုတိယအကြိမ်မြောက် တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

- အကြီးတန်းပြန်ကြားရေးတာဝန်ခံက တင်ပြရာ၌ ပထမအကြိမ်ကျင်းပခဲ့စဉ်က အကြိုညှိနှိုင်းဆွေး နွေးခြင်းအား ၃၀-၁-၂၀၁၉ ရက်နေ့၌ နေပြည်တော်တွင် ကျင်းပခဲ့ကြောင်း၊
- ၂၁-၂-၂၀၁၉ ရက်နေ့နှင့် ၂၂-၂-၂၀၁၉ ရက်နေ့တို့၌ ပထမအကြိမ် တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲမှုနှင့်သက်ဆိုင်သော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း၊

- ၂၄-၆-၂၀၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ အစည်းအဝေးတွင် Extractive Sector SOE Reform လုပ်ငန်းစဉ်အတွက် နောက်တစ်ကြိမ်ကျင်းပမည့် နည်းပညာနှင့်အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊
- ဒုတိယအကြိမ်ကျင်းပနိုင်ရေးအတွက် NRGI ၊ NORAD မှ Mr. Vidar Ovesen တို့နှင့် ညှိနှိုင်းဆွေးနွေးမှုများလည်း ရှိကြောင်း၊
- ယနေ့အစည်းအဝေး၌ ဒုတိယအကြိမ်ကျင်းပနိုင်ရေးအတွက် နေ့ရက်၊ အချိန်ကာလတို့အား သတ်မှတ်နိုင်ရန်နှင့် အကြိုညှိနှိုင်းအစည်းအဝေးများလည်း ရက်သတ်မှတ်နိုင်ရန် ဆွေးနွေးပေးစေလိုကြောင်း စသဖြင့် တင်ပြခဲ့သည်။

ဆက်လက်၍ ကိုယ်စားလှယ်များကလည်း ဒုတိယအကြိမ်တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင် ပြောင်းလဲရေးအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်တွင် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်နှင့် အကောင်အထည်ဖော်မှုများ၊ အလုပ်ရုံဆွေးနွေးပွဲရလဒ်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှေ့ဆက် အကောင်အထည်ဖော်မည့် နည်းလမ်း (Approach) ၊ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံရှိသည့် SOE တစ်ခု၏ အတွေ့အကြုံ၊ ပြုပြင်ပြောင်းလဲစဉ် ဖြတ်သန်းခဲ့ရသည့် ဌာနအတွင်း စိန်ခေါ်မှု အခက်အခဲ များအား မျှဝေနိုင်ရေးအစီအစဉ်များထည့်သွင်းထားရန် ဆွေးနွေးခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲ စီစဉ်ရာတွင် သက်ဆိုင်ရာဌာန များနှင့် ကြိုတင်တွေ့ဆုံညှိနှိုင်းရန်၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပြီး ရလဒ်အား MSG သို့ တင်ပြ၍ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည့်ရက်အား MSG မှ ဆုံးဖြတ်ရန် စသဖြင့် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

## ၅။ SNU ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်း

- SNU ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ (၂၂) ကြိမ်မြောက် MSG ၌ "SNU များအတွက် Guidance ရေးဆွဲပေးနိုင်ရန်အတွက် MSG ကိုယ်စား ပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီတွင် ဆွေးနွေးရန် နှင့် Guidance Note ရေးဆွဲရာတွင် SNU နာယကများနှင့်အတွင်းရေးမှူး (၃) ဦး တို့အား ဖိတ်ကြားရန်၊ (၂၃) ကြိမ်မြောက် MSG တွင် "မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ယခုနှစ်အတွင်း SNU ဦးစားပေးဖွဲ့စည်းရန်အတွက် ဆွေးနွေးရန်" လည်း ဆုံးဖြတ်ထားကြောင်း၊
- ထို့ကြောင့် ယနေ့အစည်းအဝေး၌ SNU Guidance Note ရေးဆွဲခြင်း၊ SNU ဖွဲ့စည်းခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးပေးစေလိုကြောင်း တင်ပြခဲ့သည်။

SNU Guideline Note ရေးဆွဲရန်နှင့်ပတ်သက်၍ ဆွေးနွေးကြရာ၌ SNU အရပ်ဘက် ကိုယ်စားလှယ်များနှင့်တွေ့ဆုံ ကာ MATA မှ ပြုစုထားသည့် SNU Guideline Note မူကြမ်းရှိထားသဖြင့် မျှဝေပေးရန်နှင့် အဆိုပါမူကြမ်းအား နောက်တစ်ကြိမ်ကျင်းပမည့် ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ အစည်းအဝေး၌ သက်ဆိုင်ရာ ဌာနများ နှင့် SNU များမှ ကိုယ်စားလှယ်တစ်ဦးစီ ဖိတ်ကြား၍ ဆွေးနွေးရန် စသဖြင့် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာ၌ SNU များသည် MSG အစည်းအဝေးတက်ရောက်သည်ကို တွေ့ရှိရကြောင်း၊ သို့သော် အကြိမ်တိုင်း၌ တက်နေကြဖြစ်သည့် ကိုယ်စားလှယ်များကိုသာ တွေ့မြင်နေရကြောင်း၊ အလှည့်ကျတက်ရောက်နိုင်ရန် စီစဉ်သင့်ကြောင်း စသဖြင့် ဆွေးနွေးခဲ့ သည်။ ထို့နောက် ကိုယ်စားလှယ်များက "သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ SNU များမှ ကိုယ်စားလှယ်များ အလှည့်ကျ ပါဝင်တက်ရောက်နိုင်ရေး အတွက် ဖိတ်ကြားစာတွင် ဖော်ပြဖိတ်ကြားရန်" ဆုံးဖြတ်ခဲ့ကြသည်။

**ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီ**
**အစည်းအဝေးဆုံးဖြတ်ချက်များ**

**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်** **မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး**

| စဉ် | သဘောတူညီချက်များ | တာဝန်ရှိသူ | ဆောင်ရွက်မည့် အချိန် |
|---|---|---|---|
| ၁ | စတုတ္ထအကြိမ်အစီရင်ခံစာအား အောက်ပါအတိုင်း ထုတ်ဝေရန် -<br>• နောက်ဆက်တွဲ (Annex) မပါဘဲ အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေ ၃၀၀<br>• အနှစ်ချုပ်အစီရင်ခံစာ မြန်မာဘာသာဖြင့် အုပ်ရေ ၁၀၀၀<br>• နောက်ဆက်တွဲ (annex) မပါဘဲ အစီရင်ခံစာ (Full Version) အား မြန်မာဘာသာဖြင့် အုပ်ရေ ၅၀၀ | | |
| ၂ | စတုတ္ထအကြိမ် အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားအား အနှစ်ချုပ်အစီရင်ခံစာ (မြန်မာဘာသာ) ဖြင့် ဦးစွာကျင်းပ၍ Press Conference အား အစီရင်ခံစာ Full | | |

| | | | |
|---|---|---|---|
| | Version မြန်မာဘာသာဖြင့် ရရှိသည့်အခါမှသာ ကျင်းပရန် | | |
| ၃ | စတုတ္ထအကြိမ် အစီရင်ခံစာထုတ်ပြန်ခြင်းဆိုင်ရာ အခမ်းအနား အောက်ပါအတိုင်း ကျင်းပရန် -<br>• စတုတ္ထအကြိမ် အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားအား ကယားပြည်နယ်တွင် SNU ဖွဲ့စည်းခြင်းနှင့် တွဲဖက်၍ ကျင်းပရန်<br>• Press Conference အား ရန်ကုန်တွင် ကျင်းပရန် | | |
| ၄ | IRD ဌာနအား အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား နှင့် Press Conference တို့၌ Panelist အနေဖြင့် ထည့်သွင်း ဖိတ်ကြားရန် | | |
| ၅ | သစ်တောကဏ္ဍ၏ အစိုးရကိုယ်စားလှယ် (သို့) လုပ်ငန်းရှင် ကိုယ်စားလှယ်တစ်ဦးအား အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနား၌ သစ်တောအစီရင်ခံစာနှင့်ပတ်သက်၍ Presentation ရှင်းလင်းတင်ပြရန်နှင့် Panel တွင်လည်း ပါဝင်ဆွေးနွေးရန် | | |
| ၆ | • အစီရင်ခံစာထုတ်ပြန်ခြင်းဆိုင်ရာအခမ်းအနားများတွင် တင်ပြမည့် Power Point များအား သက်ဆိုင်ရာကိုယ်စားလှယ်များထံမှ ကြိုတင်စုစည်း၍ တင်ပြမည့်အကြောင်းအရာများ မထပ်စေရေးအတွက် NCS မှ စိစစ်ရန်<br>• အခမ်းအနားအစီအစဉ်/အချိန်နှင့်တပြေးညီ ကျင်းပနိုင်ရေးအတွက် Presentation တင်ပြမည့် ကိုယ်စားလှယ်များအား ကြိုတင်ဆွေးနွေး ညှိနှိုင်းရန် | | |
| ၇ | ၂၀၁၉ EITI စံနှုန်းအား အောက်ပါအတိုင်း ထုတ်ဝေရန် -<br>• အင်္ဂလိပ်ဘာသာဖြင့် အုပ်ရေ (၂၀၀) ထုတ်ဝေရန်<br>• မြန်မာဘာသာဖြင့် အုပ်ရေ (၂၀၀၀)ထုတ်ဝေရန်<br>• စံနှုန်း ၂၀၁၃၊ ၂၀၁၆ ၊ ၂၀၁၉ နှိုင်းယှဉ်ချက်ဇယားအား NCS မှ ပြုစု၍ ထည့်သွင်းဖြန့်ဝေရန် | | |
| ၈ | ဒုတိယအကြိမ်တွင်းထွက်သယံဇာတထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင် | | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| | ပြောင်းလဲရေးအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောတူဆုံးဖြတ်ခဲ့သည် -<br>• အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်တွင် ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်နှင့်အကောင်အထည်ဖော်မှုများအား ပြန်လည်တင်ပြရန်<br>• အလုပ်ရုံဆွေးနွေးပွဲရလဒ်နှင့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ရှေ့ဆက်အကောင်အထည်ဖော်မည့် နည်းလမ်း (Approach) အား ထည့်သွင်းရေးဆွဲရန်<br>• ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံရှိသည့် SOE တစ်ခု၏ အတွေ့အကြုံ၊ ပြုပြင်ပြောင်းလဲစဉ်ဖြတ်သန်းခဲ့ရသည့် ဌာနအတွင်း စိန်ခေါ်မှုအခက်အခဲများအား မျှဝေနိုင်ရေးအတွက် ထပ်မံထည့်သွင်းစီစဉ်ရန်<br>• အလုပ်ရုံဆွေးနွေးပွဲစီစဉ်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်တွေ့ဆုံညှိနှိုင်းရန်<br>• ဌာနဆိုင်ရာများနှင့်ညှိနှိုင်းပြီးရလဒ်အား MSG သို့ တင်ပြ၍ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကျင်းပမည့်ရက်အား MSG မှ ဆုံးဖြတ်ရန် | | |
| ၉ | SNU Guideline Note ရေးဆွဲရန်နှင့်ပတ်သက်၍ -<br>• SNU အရပ်ဘက်ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ MATA မှ ပြုစုထားသည့် SNU Guideline Note မူကြမ်းအား မျှဝေရန်၊<br>• အဆိုပါမူကြမ်းအား နောက်တစ်ကြိမ်ကျင်းပမည့်ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီအစည်းအဝေး၌ သက်ဆိုင်ရာဌာနများနှင့် SNU များမှ ကိုယ်စားလှယ်တစ်ဦးစီ ဖိတ်ကြား၍ ဆွေးနွေးရန် | | |
| ၁၀ | သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ SNU များမှ ကိုယ်စားလှယ်များ အလှည့်ကျ ပါဝင်တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားစာတွင် ဖော်ပြဖိတ်ကြားရန် | | |

**နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူစာရင်း (ကျား - ၁၀ ဦး၊ မ - ၁၀ ဦး၊ စုစုပေါင်း - ၂၀ ဦး)**

| စဉ် | အမည် | တာဝန်/ရာထူး | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| | | **အစိုးရကိုယ်စားလှယ်များ** | |
| ၁ | ဦးအေးမောင်ကြည် | Director | GAD |
| ၂ | ဦးကျော်ဇော်ထွန်း | AD | DOM |
| ၃ | ဦးစိုးရီ | AGM | MTE |
| ၄ | ဒေါ်ကျိန်ရှန်းလွန်း | Manager | MGE |
| | | **လုပ်ငန်းရှင်ကိုယ်စားလှယ်များ** | |
| ၅ | ဦးမျိုးမင်း | Advisor | MFPTMA |
| ၆ | ဦးမျိုးဇော်ဦး | Director for Governance & Public Affairs | MPRL E&P |
| ၇ | ဒေါက်တာသန္တာအောင် | EC | MFMA |
| | | **အရပ်ဘက်ကိုယ်စားလှယ်များ** | |
| ၈ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၉ | ဦးထူးအောင် | Alternate/PC | MATA |
| ၁၀ | ဦးမျိုးမင်းသန့် | Alternate/PC | MATA |
| | | **MOBD** | |
| ၁၀ | ဒေါ်ခင်ခင်လွင် | Director | MOBD |
| ၁၁ | ဒေါ်ဖြူဖြူသန့် | AD | MOBD |
| ၁၂ | ဒေါ်မိုင်ခင်နွေးရှိန် | ဦစီးအရာရှိ | MOBD |
| | | **Development Partners** | |
| ၁၂ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| | | **MEITI-NCS** | |
| ၁၃ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၁၄ | ဦးကျော်သင်းမောင် | Program Associate | MEITI-NCS |
| ၁၅ | ဒေါ်အေးချမ်းဝေ | Technical Officer | MEITI-NCS |
| ၁၆ | ဒေါ်ထက်နန္ဒာအောင် | Communication Officer | MEITI-NCS |

| | | | |
|---|---|---|---|
| ၁၇ | ဦးဇင်ကိုကိုအောင် | Communication Assistant | MEITI-NCS |
| ၁၈ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |
| ၁၉ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၂၀ | ဒေါ်ရွှေရည်အောင် | Finance Officer | MEITI-NCS |